


ဘာသာပြန် - Swae Nyoe Team

# လူသားကောရော်

## (ဝမ်ချောင်)

(Chapter 1301-1315)

စာစဉ် – ၉၁

## အပိုင်း ၁၃၀၁
## ခွေးနှင့်ဝံပုလွေ (၄)

*

"သခင်လေး။ ကျွန်တော်တို့ စုံစမ်းခဲ့တာအရ ဒီချန်တာ့ကျုံးက တကယ်ပဲ သာမန်မုဆိုးတစ်ယောက်ပါပဲ။ ပြီးတော့ မျိုးနွယ်ခြားဘုရင်ကလည်း သူ့ကို ဒီတိုင်း ကျပန်း ရွေးလိုက်တာပဲ..။ ပြီးတော့ သူ့အိမ်နီးနားချင်းတွေ။ ဇနီးနဲ့ သားတွေဆီက ပြန်သိရတာက ချန်တာ့ကျုံးက သူ မြို့တော်မှာ ဘာသွားလုပ်ရမှာလဲဆိုတာကို တကယ် မသိပါဘူး..။ ရွှေတုံးတစ်ရာအတွက်ပဲ လာခဲ့တာ..။ ပြီးတော့ မုဆိုးကို ခေါ်လာတဲ့ စစ်သည်တော် တစ်ယောက်နဲ့ တွေ့ပြီး သူ သံသယ မဝင်စေဘဲနဲ့ ခရီးလမ်းကြောင်း အကြောင်းလည်း မေးနိုင်ခဲ့သေးတယ်..။ သိရတာက မျိုးနွယ်ခြားဘုရင်က သူတို့ကို မုဆိုးကိုခေါ်လာဖို့ပဲ ခိုင်းတာပါတဲ့..။ မုဆိုးရယ်။ သူ့ဝံပုလွေရယ်။ သူ့ခွေးရယ်နဲ့ ဘာမှမပတ်သက်ဖို့ အထူးတားမြစ်ခဲ့ပါတယ်.."

".. ပြီးတော့ ကျွန်တော်တို့ရဲ့ ထပ်စုံစမ်းခဲ့တာအရ မျိုးနွယ်ခြားဘုရင်ကလည်း ဒီမုဆိုးနဲ့ တိုက်ရိုက် တွေ့ဆုံခဲ့တာမျိုး မရှိပါဘူး..။ မြို့တော်ရောက်တော့ သူတို့ တည်းခိုဆောင်တစ်ခုမှာ နေတယ်။ အဲဒီတည်းခိုဆောင်မှာတောင် မုဆိုးက သူ့ခွေးနဲ့ ဝံပုလွေကို အစာ ကျွေးခဲ့ပါသေးတယ်တဲ့..။ ဒီအချက်တွေအရ မျိုးနွယ်ခြားဘုရင်က သူနဲ့ ဇာတ်တိုက် ထားလိမ့်မယ်လို့တော့ ကျွန်တော်တို့ မထင်ပါဘူး..။ ပြီးတော့ မျိုးနွယ်ခြားဘုရင်က မာနကြီးတဲ့လူ။ ဒီလိုလုပ်တာက သူ့အဆင့်အတန်းကို နိမ့်သွားစေလိမ့်မယ်..။ အဲဒါ

ကြောင့် တကယ့် အခြေအနေကလည်း ကျွန်တော်တို့ စုံစမ်းထားတာနဲ့ အတူတူပဲ ဖြစ်လောက်မှာပါ.."

ရုံးတော်အကြံပေးဌာနအတွင်းတွင် ဝါးရွက်ပုံစံ အမှတ်အသား ရှိသည့် အဖြူရောင်ဝတ်စုံနှင့် အမျိုးသားတစ်ဦး တင်ပြချက်ပြီးသည်နှင့် ဦးညွတ်လိုက်သည်။ သူ၏စွမ်းအားအား ထိန်းချုပ်ရန် အတတ်နိုင်ဆုံး ကြိုးစား ထားသော်လည်း မျက်လုံးများထဲ၌ တဖျတ်ဖျတ် လျှပ်နေသော အလင်းတန်းများသည် ကြယ်ပွင့်များနှင့် တူနေ၏။ ဤပုံစံမှာ သူ၏ကျင့်ကြံခြင်းအဆင့်သည် အကြီးအကဲစုန့်နှင့် အတူတူ ဖြစ်ကြောင်း ဖော်ပြနေလေသည်။

ဝါးကြေးမုံ...

ဤလူသည် ကွန်ဖြူးရှပ်ဂိုဏ်းမှ သူလျှိုအဖွဲ့၏ခေါင်းဆောင် ဖြစ်သည်။ ကမ္ဘာအနှံ့ရှိ သူလျှိုများထံမှ ရရှိထားသော သတင်းအချက်အလက်များကို ကိုင်တွယ်၏။

လီကျွင်းရှန်း ဘာမှပြန်မပြောခဲ့ပေ။ သို့သော် မျက်ခုံးများမှာ သိသိသာသာ တွန့်ချိုးသွားခဲ့၏။ အခြေအနေအား ပိုသိရလေ ဝမ်ချောင်အပေါ် ပို၍နားမလည်နိုင်ပင်။

ဝမ်ချောင်သည် အလွန်မာနကြီးက ဤကိစ္စတွင် အနည်းငယ်မျှ ဝင်ရောက်စွက်ဖက်ရန် ဆန္ဒရှိမည် မဟုတ်သည်မှာ သေချာ၏။ သို့သော် ထိုကဲ့သို့ဆိုလျှင် ကွန်ဖြူးရှပ်ဂိုဏ်းသည် ဤကိစ္စအား သူတို့ကောင်းကျိုးအတွက် အသုံးချ၍ရသည် မဟုတ်ပါလော..။

"ဒီကိစ္စကို သေချာ ဆက်စောင့်ကြည့်ထား။ မျိုးနွယ်ခြားဘုရင် ဘာမှမလုပ်တာ သေချာအောင်လုပ်..။ ပြီးတော့ သူ့ဘက်က လှုပ်ရှားလာပြီဆိုတော့ ငါတို့ ဒီကိစ္စကို ကောင်းကောင်း အသုံးချပြီး ငါတို့ရဲ့လွှမ်းမိုးမှုကို ချဲ့ထွင်ရမယ်.." လီကျွင်းရှန်းမှ ပြောလာခဲ့သည်။

"ဟုတ်ကဲ့ပါ.."

ဝါးကြေးမုံ ဦးညွတ်ကာ အလျင်အမြန် ထွက်ခွာသွားလိုက်၏။ အခြားသူများနှင့် မတူသည်က ဝါးကြေးမုံသည် လီကျွင်းရှန်း၏ ဆုံးဖြတ်ချက်အား ဘယ်သောအခါမှ မေးခွန်း မထုတ်ပေ။ သူ ဂရုစိုက်သည်မှာ တစ်ခုသာရှိ၏ : သတင်းအချက်အလက်ပင်။

……

မျက်စိတစ်မှိတ်အတွင်းမှာပင် တစ်နေ့တာ ကုန်ဆုံးသွားခဲ့သည်။ မိုးပြာနဂါးလမ်းထက်ရှိ စင်မြင့်သည် မရေမတွက်နိုင်သော လူများ၏ အာရုံအား ဆွဲဆောင်ခဲ့၏။

အာဝူးး…

လှောင်အိမ်အတွင်းတွင် ကြီးမားသော မီးခိုးရောင်ဝံပုလွေသည် တစ်ကြိမ်ပြီးတစ်ကြိမ် ဆွဲဆွဲငင်ငင် အူနေခဲ့၏။ သူ၏ခြေရင်းတွင် ခွေးပေါက်လေး တစ်ကောင် အမြီးရမ်းကာ ပတ်ပြေးနေခဲ့သည်။ ဝံပုလွေ၏ အမူအရာသည် နူးညံ့၏။ လက်သည်းများ ထုတ်ကာ ခွေးပေါက်လေးအား တို့ထိ စသေးသည်။ တစ်ခါတစ်ရံတွင် ခွေးလေး၏အမွေးများကိုပင် ယက်ပေးသေး၏။

ဝုတ် ဝုတ်..

ခွေးပေါက်လေးသည် ရုတ်တရက် ဟောင်ကာ ဝံပုလွေထက် ခုန်တက်လိုက်သည်။ ဝံပုလွေသည် ချက်ချင်းပင် မြေပြင်ထက် လဲကျသွားကာ အသက်အတွက် အသနားခံသကဲ့သို့ သနားစဖွယ်ကောင်းစွာ ငိုကြွေးလာခဲ့၏။

ဟား ဟား ဟား ဟား..

ကြည့်နေသောသူများမှာ သဘောကျသွားကာ တဟားဟား ရယ်မောကြ

တော့သည်။

"မေမေ။ အဲဝံပုလွေက အရမ်းချစ်စရာကောင်းတာပဲ.. သားသားလည်း တစ်ကောင် မွေးချင်တယ်.."

"အဓိပ္ပာယ်မရှိတာတွေ မပြောနဲ့.. ဝံပုလွေက ဘယ်လိုလုပ် မွေးလို့ရမှာလဲ.."

အမေဖြစ်သူမှ သားဖြစ်သူအား ရိုက်လိုက်သည်။ သို့သော် သူမ၏မျက်လုံးထဲတွင်လည်း ရယ်မြူးရိပ်တို့ အနည်းငယ် ရှိနေ၏။

"တွေ့ကြလား။ တွေ့ကြလား.."

စင်အောက်တွင် ကွန်ဖြူးရှပ်သမားများ ဆယ်ဦးကျော်ခန့် စုဝေးနေကြ၏။ ထိုထဲမှတစ်ဦးသည် လက်ဟန်ခြေဟန်ဖြင့် လုပ်ပြ၍ ဤအခွင့်အရေးအား အသုံးချကာ လူအုပ်ကြီးအား တရားဟောတော့သည်။

"မျိုးနွယ်ခြားဘုရင်ပြောတာ လူတွေက တိရိစ္ဆာန်တွေလိုပဲ။ အားကြီးတဲ့ကောင်က အားနည်းတဲ့ ကောင်ကို စားတယ်တဲ့..။ ဒါပေမဲ့ အခုမြင်ကွင်းကို ခင်ဗျားတို့ အားလုံးလည်း မြင်နေရတာပဲ..။ အဲဒါကို သူ ပြောတာကို ယုံကြသေးတာလား..။ အကုန်လုံးက ယုတ္တိမရှိတဲ့စကားတွေပဲ.."

"ဟုတ်တယ်။ မျိုးနွယ်ခြားဘုရင်ရဲ့ အယူအဆတွေက သူ့လုပ်ရပ်ကြောင့်ပဲ ပျက်စီးသွားတာပဲ..။ အားလုံးပဲ မျိုးနွယ်ခြားဘုရင် အယုံသွင်းတာ မခံကြပါနဲ့..။ ငြိမ်းချမ်းမှုကပဲ အဆုံးမရှိတဲ့ ပျော်ရွှင်မှုကို ယူလာပေးနိုင်မှာ.."

အခြားကွန်ဖြူးရှပ်သမားတစ်ဦးမှ ကျယ်လောင်စွာ သဘောတူလာခဲ့၏။

"ဟား ဟား။ ခွေးကောင်ကြီး ရော့.."

စင်မြင့်ထက်တွင် မုဆိုးချန်တာ့ကျုံး ကျယ်လောင်စွာအော်ရယ်ကာ အသားတစ်ပိုင်း လှီးဖြတ်၍ လှောင်အိမ်အတွင်း ပစ်ထည့်လိုက်သည်။ မူလ

တွင် လှည့်ပတ်သွားနေသော မီးခိုးရောင်ဝံပုလွေသည် လေပေါ်ခုန်တက်ကာ အသားပိုင်းစ ဆတ်ခနဲ ဖမ်းယူလိုက်၏။ ထို့နောက်တွင် သူ၏ပါးစပ်မှ ပျော်ရွှင်စွာ ဝါးနေသည့်အသံများ ထွက်ပေါ်လာခဲ့သည်။ အောက်မှလူအုပ်ကြီးသည် မရယ်ဘဲ မနေနိုင် ဖြစ်သွားကြ၏။ ခွေးနှင့်ဝံပုလွေတို့ ငြိမ်းချမ်းစွာ ပူးတွဲနေထိုင်ကြသည်အား စိတ်လှုပ်ရှားသွားကြသည်။

"ကျုပ်တို့က ငြိမ်းချမ်းရေး လိုချင်တာ.. စစ်ပွဲတွေ လိုချင်တာ မဟုတ်ဘူး.." လူအုပ်ကြီးအတွင်းတွင် တစ်ယောက်မှ အော်ပြောလာ၏။ ကျန်သည့်လူများသည်လည်း ချက်ချင်းပင် တက်ကြွစွာ ထောက်ခံလာကြသည်။

ဒုတ် ဒုတ် ဒုတ်..

ဤမြင်ကွင်းမြင်သော် သူလျှိုအများအပြားသည် ချက်ချင်းပင် သူတို့မြင်းများပေါ် တက်ခွကာ လူအုပ်ကြီးအတွင်းမှ ထွက်လာလိုက်၏။

"အခြေအနေ ဝမ်ချောင်အတွက် တော်တော်ဆိုးနေပြီ.."

ဝေးကွာသည့်နေရာ။ စုန့်ဘုရင် နေထိုင်ရာနေရာတွင် သူ၏သူလျှိုထံမှ တင်ပြချက်ရသော် စုန့်ဘုရင်၏ မျက်လုံးများထဲတွင် စိုးရိမ်ရိပ်များ ဖြစ်ပေါ်လာခဲ့သည်။ လက်ရှိအခြေအနေအား ကြည့်မည်ဆိုလျှင် ဝမ်ချောင်သည် သူ ရည်ရွယ်ထားသည်နှင့် ဆန့်ကျင်ဘက် ရလဒ်များ ရရှိနေဟန်ပင်။

"အရှင် စုန့်ဘုရင်။ ကျွန်တော်တို့ မျိုးနွယ်ခြားဘုရင်ကို သွားမေးကြမလား.." ပညာရှင်လုထင်မှ မေးလာခဲ့သည်။ လက်ရှိ နိုင်ငံရေးအတွေးအခေါ် ငြင်းခုံမှုသည် အလွန်အန္တရာယ် များ၏။ လုထင်သည် သူ၏၏ မြင့်မားသော အဆင့်အတန်းကြောင့် ထဲထဲဝင်ဝင် ဝင်ရောက် မစွက်ဖက်ရဲပေ။

"မလိုဘူး.."

စုန့်ဘုရင် ခေါင်းခါရမ်း လိုက်သည်။

"အခြေအနေက ဘယ်လိုပဲ ဖြစ်နေဖြစ်နေ ဝမ်ချောင်က ဘာကိုမှ အကြောင်းပြချက် မရှိဘဲ မလုပ်ဘူးဆိုတာ ငါယုံတယ်..။ ဒီတိုင်းပဲ ဆက်စောင့်ကြတာပေါ့.."

အချိန်များ တရွေ့ရွေ့ ကုန်ဆုံးသွားကာ နောက်တစ်နေ့ ကူးသွားခဲ့၏။ မုဆိုး၊ ခွေးနှင့် ဝံပုလွေတို့မှာ သဟဇာတဖြစ်စွာ ဆက်လက်နေထိုင် နေကြဆဲပင်။ နေ့စဉ်နေ့တိုင်း စင်ဘေးတွင် များပြားလှသော လူအုပ်ကြီး စုဝေးလာခဲ့သည်။ ဝံပုလွေ ခွေးအား မစားသော မြင်ကွင်းသည် ကမ္ဘာကြီးအပေါ် သူတို့၏နားလည်မှုအား အပြည့်အဝ ပြောင်းလဲသွားစေခဲ့၏။ အချိန်ကြာလာသည်နှင့်အမျှ ပိုမိုများပြားသော သတင်းအချက်အလက်များလည်း ထွက်ပေါ်လာခဲ့သည်။

ဤဝံပုလွေအား ဘယ်လို ပျိုးထောင်ထားကြောင်း၊ ချန်မိသားစုနှင့် မည်ကဲ့သို့ နေထိုင်ကြောင်း၊ မည်မျှပင် ဉာဏ်ကောင်းကြောင်း သတင်းများ ထွက်လာ၏။ ဤဝံပုလွေသည် အိမ်စောင့် ပေးနိုင်ကာ ကလေးငယ်များကိုပင် ဂရုစိုက် ပေးနိုင်သည်ဟုကြားသော် လူတိုင်း အံ့အားသင့် ပင့်သက်ရှိုက်မိကုန်ကြသည်။

"ဒါကို အရှင့်ဆီ တင်ပြမှရမယ်.."

စိုးရိမ်နေသော ပုံရိပ်တစ်ခု ထောင့်တစ်နေရာမှ ခပ်သုတ်သုတ် ထွက်ခွာသွားလိုက်သည်။

"အရှင်၊ အခြေအနေ မကောင်းတော့ဘူး.."

ချန်းစန်းယွမ် ဝမ်ချောင်၏ စာကြည့်ဆောင်အတွင်း ဝင်သွားလိုက်သည်။ မျက်နှာအမူအရာမှာ စိုးရိမ်မှုကြောင့် ဖျော့များနေ၏။

"ကွန်ဖြူးရှပ်ကျောင်းနဲ့ ကွန်ဖြူးရှပ်ဂိုဏ်းတွေက ဒီအခြေအနေကို

အသုံးချနိုင်သလောက် အသုံးချနေကြပြီး သူတို့ကိုယ်သူတို့ ကြေညာနေကြတယ်..။ စာအုပ်ကုန်သည် ၈ဂ ရာခိုင်နှုန်းကျော်လောက် ကျွန်တော်တို့ စာအုပ် မရောင်းကြတော့ဘူး..။ အရှင် အရင်က အားစိုက်ထုတ်ခဲ့တာတွေ အားလုံး အကျိုးမရှိ ဖြစ်ကုန်ပါပြီ.."

ချန်းစန်းယွမ်၏ စကားများသည် သူ မည်မျှပင် စိုးရိမ်နေကြောင်း အပြည့်အဝ ဖော်ပြနေ၏။ 'အင်အားကသာအမှန်တရား' သည် စစ်သားများနှင့် ဗိုလ်ချုပ်များ၏ စိတ်ထဲမှအတွေးများကို ဖော်ထုတ်ပေးခဲ့သည်။ လူများက စာအုပ်အတွင်းမှ အယူအဆများကို လက်မခံဘူး ဆိုလျှင်ပင် ဗိုလ်ချုပ်များ၏ အမြင်ရှုထောင့်မှကြည့်လျှင် ဤစကားလုံးများမှာ အကြွင်းမဲ့မှန်ကန်၏။ သို့သော် ဤအတိုင်း ဆက်သွားနေမည်ဆိုလျှင် သူတို့ အားစိုက်ထုတ်ခဲ့သော ကြိုးစားမှုများမှာ အချည်းနှီး ဖြစ်ကုန်ပေလိမ့်မည်။ ထို့ကြောင့် ချန်းစန်းယွမ် အနေနှင့် ဘယ်လိုလုပ် မစိုးရိမ်ဘဲ နေနိုင်ပါမည်နည်း။

လူပ်ရှားမှုအချို့ပင် ပြုလုပ်ချင်ခဲ့၏။ သို့သော် အကြိမ်တိုင်း ငြင်းပယ် ခံခဲ့ရသည်။ ဝမ်ချောင်သည် ခွေးနှင့် ဝံပုလွေအနားသို့ မည်သူမှ မကပ်ရန်ပင် ပြင်းပြင်းထန်ထန် အမိန့်ထုတ်ထားသေး၏။

"ထားလိုက်ပါ."

အခန်းအတွင်းတွင် ဝမ်ချောင်သည် ကြမ်းပြင်ထက် တင်ပလ္လင် ခွေထိုင်နေကာ မသိမသာ ခေါင်းမော့ထား၍ မျက်လုံးများ မှိတ်ထား၏။ ကမ္ဘာပေါ်တွင် မည်သည့်အရာကမှ သူ၏စိတ်ခံစားချက်အား အနှောင့်အယှက် မပေးနိုင်သည့်နှယ်...

"ငါ အကုန်လုံး စီစဉ်ထားတယ်..။ ရက်နည်းနည်းလောက် ကြာပြီးရင် အားလုံး ရှင်းသွားလိမ့်မယ်.."

ချန်းစန်းယွမ် တောင့်တင်းသွားသည်။ ထို့နောက်တွင် သက်ပြင်းချကာ အ

မိန့်အား လက်ခံလိုက်၏။

"ဒီလက်အောက်ငယ်သား ဒီအမိန့်ကို ဖြန့်ဝေလိုက်ပါမယ်.."

သုံးရက်မြောက်နေ့သို့ ရောက်လာလေပြီ။ မြို့တော်ရှိ လူများသည် ဤ ဝံပုလွေနှင့် ခွေးတို့နှင့် အလွန်ရင်းနှီးလာ၏။ နာမည်ပင် မှည့်ပေးထားကြ သေးသည်။ ထိုအချိန်တွင် မြို့တော်ရှိ ကြီးမားသာ ကလန်များသည် ဤကိစ္စ အပေါ် တဖြည်းဖြည်းချင်း စတင်၍ စိတ်ဝင်စားမှု လျော့နည်းလာကြ၏။ ဤကိစ္စသည် ကံမကောင်း အကြောင်းမလှသည့် ကိစ္စဖြစ်ကြောင်း မေးခွန်းထုတ်စရာပင် မလိုပေ။ သူတို့သည် ဝမ်ချောင်က ကြီးမားသည့် လှုပ်ရှားမှုအတွက် စီစဉ်နေကြသည်ဟု ယုံကြည်ခဲ့ကြ၏။ သို့သော် ယခုတွင် သူတို့ စိတ်ပျက်ရမည်မှာ သိသာနေလေသည်။

ကြီးမားသော ကလန်အချို့မှ လွဲ၍ မြို့တော်တွင် ဤကိစ္စအား အာရုံသိပ် စိုက်သည့်လူ မရှိတော့ချေ။

ဒုန်းး..

ညနေခင်းပိုင်းတွင် ကျယ်လောင်သော မိုးခြိမ်းသံတစ်သံ ထွက်ပေါ်လာခဲ့ သည်။ ထို့နောက်တွင် တိမ်စိုင်တိမ်မည်းများ စုဝေးလာကာ မိုးသည်းထန် စွာ ရွာသွန်းလာ၏။

ကြီးမားသောမိုးစက်များ စင်မြင့်ထက် ဆင်းသက်လာကာ မျက်စိတစ် မှိတ်အတွင်းမှာပင် မိုးသားလွှာသည် ကမ္ဘာကြီးအား ဝေဝါး၍ မပီမပြင် ဖြစ် သွားစေခဲ့သည်။

စင်မြင့်ထက်ရှိ ခွေး။ ဝံပုလွေ။ မုဆိုးနှင့် စင်အောက်ရှိ လူများအားလုံး ချက်ချင်း စိုရွှဲသွားကုန်ကြ၏။

ဒုတ်..

ထိုအချိန်တွင် စင်မြင့်ထက်သို့ တက်လာသည့်ခြေသံများ ထွက်ပေါ်လာခဲ့သည်။ အစောင့်လေးဦး၏ စောင့်ကြပ်မှုအောက်တွင် မမြင်ရသည်မှာ သုံးရက်ကြာပြီ ဖြစ်သည့် စုန္ဒတ်ရွှမ်း။ အေးစက်ကာ ခံစားချက်ကင်းမဲ့သော မျက်နှာအမူအရာဖြင့် ရှေ့သို့ လျှောက်သွားလိုက်၏။

"ဒီတစ်ခေါက်မှာ ခင်ဗျား နိုင်သွားပြီ..။ အရှင်က အမြဲတမ်း ကတိတည်တယ်..။ ဒီရွှေတုံးတစ်သောင်းလုံး ခင်ဗျားအပိုင် ဖြစ်သွားပြီ.."

ထိုသို့ပြောကာ စုန္ဒတ်ရွှမ်း စင်နောက်သို့ လက်တစ်ချက် ဝှေ့ရမ်းလိုက်သည်။ ချက်ချင်းပင် အစောင့်အချို့သည်င် ကြီးမားသော သံသေတ္တာများ ဖွင့်ပြကာ အတွင်း၌ သေသပ်စွာ စီထည့်ထားသော ရွှေတုံးများကို ပြလိုက်၏။

ဟင်..

မုဆိုး ပင့်သက် ရှိုက်မိသွားကာ တစ်ကိုယ်လုံး တောင့်တင်းသွား၏။ သူသည် ရွှေတုံးတစ်ရာ ရရှိမည် ဟူသည့်အသိဖြင့်သာ မြို့တော်သို့ လာခဲ့ခြင်းဖြစ်သည်။ ရွှေတုံးတစ်သောင်းအား ဤကဲ့သို့ အလွယ်တကူ ရရှိနိုင်လိမ့်မည်ဟု တစ်ကြိမ်တစ်ခါမှ မတွေးမိပေ။ တောတောင်များကြားမှ မုဆိုးတစ်ဦးအနေနှင့် ဤသည်မှာ ကြီးမားသော ကံကောင်းမှုပင်။

"ကျုပ်-ကျုပ် အိပ်မက် မက်နေတာတော့ မဟုတ်ဘူးမလား.."

ကြောင်အစွာရပ်နေကာ ချန်တာ့ကျုံး သူဘာသာသူ ရေရွတ်လိုက်သည်။

"ချန်တာ့ကျုံး။ ခင်ဗျား အိပ်မက် မက်နေတာမဟုတ်ဘူး..။ ဒါက တရားရုံးတော်က အတည်ပြု ပေးထားတဲ့ ခင်ဗျားနဲ့ မျိုးနွယ်ခြားဘုရင်ကြားက သဘောတူညီချက်ပဲ.."

ထိုအချိန်တွင် တရားရုံးတော်မှ အရာရှိတစ်ဦး စင်မြင့်ထက် တက်လာခဲ့သည်။ စာချုပ်အား လူအုပ်ကြီးရှေ့ ဖွင့်ပြလိုက်၏။ သို့သော် မိုးရွာနေသည့်

အတွက်ကြောင့် တစ်ခဏသာ ပြလိုက်နိုင်ကာ ပြန်လိပ်သိမ်း၍ ချန်တာ့ကျုံး အား လွှဲပေးလိုက်သည်။

"ဂုဏ်ယူပါတယ်.."

"အံ့သြစရာပဲ။ အံ့သြစရာပဲ.."

ကြီးမားသော ရွှေသေတ္တာများကို မြင်သော် ချန်တာ့ကျုံး အလွန်ပျော်ရွှင် လာသည်။ သူ၏ဘဝတွင် မြို့တော်သို့ လာရုံဖြင့် ဤကဲ့သို့များပြားသည့် ရွှေဒင်္ဂါးများ ပြုလုပ်နိုင်လိမ့်မည်ဟု ဘယ်သောအခါမှ မတွေးမိခဲ့ပေ။

ဝုန်းး...

အောက်ရှိ လူအုပ်ကြီးသည်လည်း အယောက်တိုင်း လက်ခုပ်တီးကာ ဂုဏ် ပြုစကားများ သောသောညံ ပြောလိုက်ကြသည်။

ဝံပုလွေနှင့်ခွေး။ လူနှင့်ဝံပုလွေတို့ ဆော့ကစားကြသည်ကို သုံးရက်တိုင် တိုင် ကြည့်လာခဲ့ပြီးနောက်တွင် မြို့တော်မှ လူများသည် မသိလိုက် မသိ ဘာသာပဲ ဆွဲဆောင်ခံလိုက်ရ၏။ သူတို့ကြားတွင် သံယောဇဉ်အချို့ပင် ဖြစ် ပေါ်လာခဲ့သည်။ ထို့ကြောင့် မုဆိုးသည် နောက်ဆုံးတွင် ဝမ်းချောင်ထံမှ ရွှေ တုံးတစ်သောင်း ရသည်ကို မြင်သော် သူတို့သည်လည်း ပျော်ရွှင်ဝမ်းသာ သွားကြ၏။

"ချန်တာ့ကျုံး။ ကျုပ် ခင်ဗျားကို နောက်ထပ် မေးခွန်းတစ်ခု မေးမယ်..။ ဝံပုလွေကို အစာမကျွေးဘဲ ထားမယ်ဆိုရင် ခင်ဗျားဝံပုလွေက ဒီလောက်ထိ သိမ်မွေ့ကျိုးနွံ နေဦးမယ်လို့ ခင်ဗျား အာမ ခံနိုင်သေးလား.." ရှာသွန်းနေ သော မိုးစက်များအောက်တွင် စုရှတ်ရှမ်းမှ မေးလိုက်သည်။

***